
ထိခိုက်မှုကာကွယ်ရေး

# ကလေးခရီးသည်များဘေးကင်းလုံခြုံရေး


ကားထဲတွင် စီးနင်းလိုက်ပါမည့် သင့်ကလေးဘေးကင်းအောင် ထောက်ကူပေးရန်
ဤအဆင့်များကို လိုက်နာပါ–

**အသက် 13 နှစ်အောက် ကလေးများသည် အနောက်ထိုင်ခုံမှသာ လိုက်ပါစီးနင်းရမည်။**




## အနောက်သို့ မျက်နှာမူထားသည့် ကားထိုင်ခုံ

- အသက် 2 နှစ်အောက် ကလေးများသည် အနောက်ဘက်သို့ မျက်နှာမူထားသည့် ကားထိုင်ခုံမှသာ လိုက်ပါစီးနင်းရမည်။
- အနောက်ဘက်သို့ မျက်နှာမူထားသည့် ကားထိုင်ခုံကို လေအိတ်ရှေ့တွင် ဘယ်သောအခါမှ မထားမိပါစေနှင့်။
- ကားထိုင်ခုံကို ကားအပြင် အိပ်စင်အဖြစ်မသုံးပါနှင့်။




## ရှေ့သို့ မျက်နှာမူသည့် ကားထိုင်ခုံ

- ကားထိုင်ခုံတွင် အရှေ့သို့ မျက်နှာမူသည်ဖြစ်စေ၊ အနောက်သို့ မျက်နှာမူသည်ဖြစ်စေ အဆိုပါထိုင်ခုံများတွင် စီးနင်းလိုက်ပါသော အသက် 5 နှစ်အောက် ကလေးငယ်များသည် သိုင်းကြိုးပါ ကားထိုင်ခုံတွင်သာ ထိုင်ပြီး စီးရပါမည်။
- အရှေ့သို့ မျက်နှာမူထားသည့် ကားထိုင်ခုံတွင် သိုင်းကြိုးကို အမြဲသုံးပါ – နောက်ထပ်အချက်အလက်များအတွက် သင့်ကားထိုင်ခုံနှင့် မော်တော်ယာဉ်လက်စွဲစာအုပ်ကို ဖတ်ရှုပါ။



## ကလေးထိုင်ခုံ

- ကားထိုင်ခုံထဲတွင် ထိုင်စီး၍မရသေးသော ကလေးများသည် ၎င်းတို့အသက် 8 နှစ်မပြည့်မီတွင် ကလေးထိုင်ခုံကိုသာ အသုံးပြုရပါမည်။
- ကလေးအများစုသည် ၎င်းတို့အသက် 8 နှစ်ထက်ကျော်သွားသည့်တိုင်အောင် ဘေးကင်းရန်အတွက် ကလေးထိုင်ခုံကို လိုအပ်နေဆဲဖြစ်ပါသည်။



## ခါးပတ်ကြိုး

- သိုင်းကြိုးပါ ကားထိုင်ခုံ သို့မဟုတ် သိုင်းကြိုးပါ ကလေးထိုင်ခုံများကို အသုံးမပြုသည့် အသက် 18 နှစ်အောက် ကလေးများသည် ထိုင်ခုံခါးပတ်ကြိုးကို ပတ်ရပါမည်။
- ကားပေါ်တွင် စီးနင်းလိုက်ပါသူတိုင်း ထိုင်ခုံခါးပတ်ပတ်ကြောင်း အသေအချာစစ်ဆေးဖြစ်ပါစေ။

**ကလေးခရီးသည်ဘေးကင်းရေးအစီအစဉ်**

**802-847-1215 OR 802-847-9988 (စကားပြန်ဝန်ဆောင်မှုများ)**

THE University *of* Vermont Children's Hospital